**အိန္ဒိယနိုင်ငံ သံရုံး၊**

**ရန်ကုန်မြို့**

**သတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံသို့ ဆေးဘက်ဆိုင်ရာအထောက်အပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း**

အိန္ဒိယနိုင်ငံအစိုးရ၏ကိုယ်စား၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးသည် မြန်မာနိုင်ငံအစိုးရ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အောက်တွင်ဖော်ပြပါရှိသော ဆေးဘက်ဆိုင်ရာအထောက်အပံ့များ အား ရန်ကုန်လေဆိပ်၌ ၂၀၂၀ခုနှစ် မေလ (၅) ရက် ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

COVID-19 ကူးစက်ရောဂါဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံအစိုးရသည် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများနှင့် အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံ နှင့်မြန်မာနိုင်ငံမှ ပြည်သူများ အပါအဝင် ကမ္ဘာတဝမ်းရှိကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာ့ ဝန်ထမ်းများသည် COVID-19 ပြန့်ပွားမှု ကိုတွန်းလှန်ရာတွင် ရှေ့တန်းမှရပ်တည်နေကြပါသည်။

အထက်ဖော်ပြပါဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများသည် ဤရောဂါကိုတိုက်ဖျက်ရန် လိုအပ်သည့် ညီညွတ်သောစုပေါင်းအားထုတ်မှုကို ရောင်ပြန်ဟပ်စေပါသည်။ ဤကဲ့သို့ အထောက်အပံ့ ပြုခြင်းသည် အိန္ဒိယ - မြန်မာနှစ်နိုင်ငံအကြား အစဉ်အလာအရ နွေးထွေးမှုနှင့် ရင်းနှီးသောဆက်ဆံရေးကို ပြသခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ဤကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ ကြိုးပမ်းမှုများအား ပိုမိုတိုးတက်စေပါလိမ့်မည်။

ရန်ကုန်မြို့
၂၀၂၀ ခုနှစ်၊ မေလ (၅) ရက်။

ပေးပို့သည့်ဆေးဘက်ဆိုင်ရာထောက်ပံ့ရေးပစ္စည်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| S.No. | Medical Supply | Quantity (Units) |
|---|---|---|
| 1 | Sodium Hypochlorite Solution 4.00-4.99% | 20 |
| 2 | Drip Stand | 200 |
| 3 | Infusion Pump | 200 |
| 4 | Syringe Pumps | 500 |
| 5 | Refrigerator | 50 |
| 6 | Instrument Drums | 240 |

| | | |
|---|---|---|
| 7 | Minor Surgical Set | 120 |
| 8 | Glucometer | 120 |
| 9 | Autoclave 50 lit | 120 |
| 10 | Biohazard Disposable Autoclave Bags | 10 |
| 11 | Viral Transport Media | 500 |
| 12 | Body Bag | 200 |
| 13 | Thermal Scanner | 5 |
| 14 | Surgical Gloves | 20 boxes of 100 pairs each |
| 15 | Defibrilators | 60 |
| 16 | Airway Trolleys | 50 |
| 17 | Medical Air Compressor | 10 |
| 18 | Hydroxychloroquine Tablets | 200,000 |